**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၀)**

၁၃၅၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၁၉၉၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ နောက်ဆက်တွဲဇယားများတွင် ဖော်ပြပါရှိသော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အလိုက် အကျယ်အဝန်းကို ဖော်ပြသည့် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ (ရန်ကုန်တိုင်း)" တွင် -

(က) အမှတ်စဉ် ၃၅ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) အတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အကျယ်အဝန်းစာတိုင်၌ ထောက်ကြန့်တိုးချဲ့ရပ်ကွက်ကို အမှတ်စဉ်(၁၉)အဖြစ် ဖြည့်စွက်ရမည်၊

(ခ) အမှတ်စဉ် မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) အတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အကျယ်အဝန်းစာတိုင်ပါ အမှတ်စဉ် (၈) အမှတ် (၃) (၈) ရပ်ကွက်ကို နုတ်ပယ်ရမည်၊

(ဂ) အမှတ်စဉ် (၃၇) မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁)အတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အကျယ်အဝန်းစာတိုင်၌ ဝေဘာဂီအနောက် မြို့သစ်ရပ်ကွက်ကို အမှတ်စဉ် (၈)အဖြစ် လည်းကောင်း၊

ပေါက်တလောက် မြို့သစ်ရပ်ကွက်ကို အမှတ်စဉ် (၉)အဖြစ် လည်းကောင်း ဖြည့်စွက်ရမည်။

(ဃ) အမှတ်စဉ် (၄၅) လှည်းကူးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်(၁) အတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အကျယ်အဝန်းစာတိုင်၌ ငါးဆူတောင် ကျေးရွာအုပ်စုကို အမှတ်စဉ်(၃၈)အဖြစ်လည်းကောင်း၊ မရမ်းချောင်ကျေးရွာ အုပ်စုကို အမှတ်စဉ်(၃၉)အဖြစ်လည်းကောင်း ဖြည့်စွက်ရမည်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ နောက်ဆက်တွဲ ဇယားများတွင် ဖော်ပြပါရှိသော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်အလိုက် အကျယ်အဝန်းကို ဖော်ပြသည့် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ်များ (ဇရာဝတီတိုင်း)" တွင် အမှတ်စဉ် (၂၃) ပုသိမ်အနောက်ပိုင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)အတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အကျယ်အဝန်းစာတိုင်၌ အမှတ်(၁၂) ရပ်ကွက် (ရေကြည်ဦးရပ်ကွက်) ကို အမှတ်စဉ်(၂၅) အဖြစ် ဖြည့်စွက်ရမည်။

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄ အရ ကော်မရှင်က လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်နှင့် ဒဂုံမြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ပေးပြီးဖြစ်သဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၏ နောက်ဆက်တွဲဇယားများတွင် ဖော်ပြပါရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် သတ်မှတ်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ စာရင်းချုပ်နှင့် ရန်ကုန်တိုင်းအတွက် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များ စာရင်းချုပ်၏ ကိန်းဂဏန်းများ၊ အချက်အလက်များကို လိုအပ်သလို လိုက်လျောညီထွေ ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၅။ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမည်များကို အစိုးရအဖွဲ့က အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခဲ့လျှင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၏ နောက်ဆက်တွဲဇယားပါ သက်ဆိုင်ရာ အမည်များကိုလည်း ပြင်ဆင်သတ်မှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။